

mgyoe.com

# TRUMP

## HOW TO GET RICH

Donald J.Trump
with Meredith McIver

နိုင်ငံတကာမှာအရောင်းရဆုံးစာအုပ်

# ဒေါ်နယ်ထရမ့်
# ဘယ်လိုချမ်းသာလာသလဲ


ဂျွန်-မြန်မာပြန်

mgyoe.com



mgyoe.com

# ဒေါ်နယ်ထရမ့်
# ဘယ်လိုချမ်းသာလာသလဲ



AH0106
2,200.00 KS

mgyoe.com

mgyoe.com

ဒေါ်နယ်ထရမ့်ဘယ်လိုချမ်းသာလာသလဲ၊ ဖွန်
စာမျက်နှာ ၁၄၂+၃၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒေါ်နယ်ထရမ့် ဘယ်လိုချမ်းသာလာသလဲ

# TRUMP
## HOW TO GET RICH

**Donald J.Trump with Meredith McIver**

ဂျွန်

မြန်မာပြန်



ပထမအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | မိတ်ဆက်စကား | က |
| အပိုင်း (၁) | ဒေါ်နယ်ဂျွန်ထရမ့်၏ စီးပွားရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ပညာသင်ကျောင်း | ၁ |
| – | စစ်သူကြီး ပီသပါစေ | ၃ |
| – | အောင်မြင်မှုအတွက် ဆက်လက်အာရုံစိုက်ထားပါ | ၆ |
| – | သင့်အရှိန်အဟုန်ကို ထိန်းသိမ်းပါ | ၈ |
| – | လုပ်ငန်းအောင်မြင်မှုအတွက် ကြီးမားတဲ့ အထောက်အကူ တစ်ခုခု ရယူပေးထားပါ | ၁၁ |
| – | လက်ဆင့်ကမ်း တာဝန်လွှဲခြင်း | ၁၃ |
| – | မရေမရာ၊ မပြတ်သားတာမျိုးတွေ မရှိပါစေနဲ့ | ၁၆ |
| – | သင့်ကိုယ်သင်မေးရမယ့် မေးခွန်းနှစ်ခု | ၁၇ |
| – | မလွှဲမရှောင်သာ ဆောင်ရွက်ရသောကိစ္စများ | ၁၈ |
| – | ကျွမ်းကျင်ဝန်ထမ်းများကို ငှားရမ်းအသုံးပြုတိုင်း အရဲစွန့် လုပ်ဆောင်ရတတ်ပါတယ် | ၂၀ |
| – | စိတ်ကူးအကြံအစည်ကောင်းများအား လက်ခံကြိုဆိုပေးပါ၊ သို့သော်လည်း မှန်ကန်သင့်လျော်သော စိတ်ကူးဖြစ်ဖို့ လိုပါတယ်။ | ၂၁ |
| – | ဘွဲ့ထူးဂုဏ်ထူးတွေအစား အထုံပါရမီအပေါ် အာရုံစိုက်ပေးပါ | ၂၂ |


mgyoe.com

mgyoe.com


- လူပုဂ္ဂိုလ်အား စီမံခန့်ခွဲပေးပါ၊ အလုပ်ကို စီမံခန့်ခွဲခြင်း မပြုရ ၂၃
- သင့်အခန်းတံခါးကို အမြဲဖွင့်ထားပေးပါ ၂၆
- ကြီးကျယ်မြင့်မားစွာ စဉ်းစားပေးပါ ၂၈

**အပိုင်း (၂) ဒေါ်နယ်ထရမ့်ဆီမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကြံဉာဏ်များ ၃၁**

- အလုပ်အကိုင်အတွက် အင်တာဗျူးမေးခြင်းများကို ထိန်းချုပ်ပါ ၃၃
- သင့်ဘဝတိုးတက်မှုအတွက် အချိန်ကောင်းမှာ တောင်းဆိုပါ ၃၄
- ဖွဲ့နှပဲကြီးသူတစ်ယောက်ဖြစ်ပါစေ ၃၇
- ဂေါ့ဖ်ကစားပါ ၃၈
- ကိုယ်ပိုင်အရည်အသွေးကို တောက်ပြောင်အောင် ကြိုးစားပါ ၃၉
- အရာရာကို သတ္တိရှိရှိရင်ဆိုင်ပါ ၄၁
- အရာရာအကောင်းမြင်တတ်သူ ဖြစ်ပါစေ ၄၂
- အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကို မပြောင်းလဲခင် အနီးကပ်လေ့လာစောင့်ကြည့်ပေးပါ ၄၄
- မဖြစ်နိုင်သေးတဲ့ အခြေအနေမှာ လက်ဆွဲနှုတ်ဆက်ခြင်းတွေကို ရှောင်ကြဉ်ပါ ၄၅
- အသေးအဖွဲကိစ္စများကအစ အာရုံစိုက်ခြင်း ၄၆
- လူထုရှေ့မှောက် စကားပြောဆိုသော အတတ်ပညာ – ၁ ၄၇
- လူထုရှေ့မှောက် စကားပြောဆိုသော အတတ်ပညာ –၂ ၅၀
- သင့်စိတ်နေသဘောထားကို ပြောင်းလဲပေးပါ ၅၆
- အပြုသဘောဆောင်စွာ တွေးကြည့်မြင်ယောင်ပေးပါ ၅၉
- ကားလ်ဂျုန်း၏စာအုပ်ကိုဖတ်ပါ ၆၁
- အတ္တစိတ်ထားရှိခြင်း ၆၂
- သင့်အား ဝေဖန်ထောက်ပြမှုများအား သဘာဝကျကျ ဖြန့်ကြက်စဉ်းစားပေးပါ ၆၄


mgyoe.com

mgyoe.com


– သင့်ဘက်က အိမ်စာတွေ လုပ်ထားဖို့လိုသလို
စာမေးပွဲအစစ်ခံနိုင်အောင်လည်း အရန်သင့်
ပြင်ဆင်ထားဖို့ လိုပါတယ် ၆၆
– မိမိဝန်းကျင်မှ အသံအားလုံးကို နားစွင့်ပေးပါ ၆၈
– မိမိလုပ်နေသောအလုပ်နှင့်ပတ်သက်ပြီး တစ်နေ့ကို
၃ နာရီကြာ ပြန်လည်စဉ်းစားပေးပါ ၇၀
– သင့်ယဉ်ကျေးမှုနှင့်လိုက်ဖက်စွာ ဝတ်စားဆင်ယင်ပါ ၇၂

**ပိုင်း (၃) ငွေကြေး ၇၃**

– သင့်ကိုယ်သင် ဘဏ္ဍာရေးဆိုင်ရာ
အကြံပေးသူတစ်ယောက်ဖြစ်အောင် ကြိုးစားပါ ၇၅
– ရိုးရှင်းစွာ ရင်းနှီးမြှုပ်နှံပါ ၇၈
– ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအပေါ်
ခွဲဝေခြင်းအတွက် သဘောတူညီမှု ၇၉
– အကြံကောင်းတော့ တစ်ချက် ၈၀
– ငွေတစ်ဒေါ်လာရဲ့တန်ဖိုးကို
သင့်ကလေးတွေသိအောင် သင်ပြပေးပါ ၈၂

**အပိုင်း (၄) အလျှော့အတင်း ညှိနှိုင်းစကားဆိုခြင်း၏ လျှို့ဝှက်ချက်များ ၈၃**

– စေ့စပ်ညှိနှိုင်းမှုများ ၈၅
– တစ်ဖက်လူက ဘာလိုချင်၊ ဘာဖြစ်ချင်တယ်ဆိုတာကို
သေချာထည့်သွင်းစဉ်းစားပေးပါ ၈၆
– အကြောင်းအကျိုးညီညွတ်ပြီး
ပြောင်းလွယ်ပြင်လွယ်ဖြစ်ပါစေ ၈၈
– သင့်ပင်ကိုအသိစိတ်ကို ယုံကြည်ပါ ၉၀
– သင်လိုချင်သောအရာကို အတိအကျသိရှိပြီး
သင့်ကိုယ်သင်ရရှိအောင် ကြိုးစားပါ ၉၂
– ခေါင်းမာခြင်းက တစ်ခါတစ်ရံ တန်ဖိုးရှိ
ပိုင်ဆိုင်တဲ့ပစ္စည်းအဖြစ် ရှိနေတတ်ပါတယ် ၉၄
– စိတ်ရှည်ရှည်ထားပါ ၉၆


mgyoe.com

mgyoe.com




– ဆံပင်အလှပြင်အတတ်ပညာ　၁၀၁
– အတင်းအဖျင်းပြောဆိုခြင်းများ　၁၀၃
– ကျွန်တော့်ဘဝရဲ့ခရီးလမ်းကြောင်း　၁၀၈
– ဘဝတစ်သက်တာအတွင်းက ထူးခြားတဲ့ ရက်သတ္တပတ် ၁ ပတ်　၁၁၀
– ကျွန်တော့်အား အောင်မြင်သော စီးပွားရေးစွမ်းဆောင်ရှင်တစ်ယောက်ဖြစ်အောင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့သော အရည်အချင်းနှင့် စွမ်းဆောင်ရည်ကောင်းများ ပြည့်ဝသည့်ပုဂ္ဂိုလ်ထူးများ　၁၃၁
– ကျွန်တော့်လုပ်ငန်းတွေအတွက် အသုံးချနိုင်မယ့် သူတွေကို အောက်ပါအရည်အချင်း ကန့်သတ်ချက်တွေနဲ့ ရွေးချယ်လိုပါတယ်　၁၃၅
– ထရမ့်စီးပွားရေးအဖွဲ့အစည်း၏ ပိုင်ဆိုင်မှုများ နယူးယော့ခ်　၁၃၆


❐

mgyoe.com

mgyoe.com

## ဒေါ်နယ်ဂျွန်ထရမ့် ချမ်းသာကြွယ်ဝလာပုံ

### မိတ်ဆက်စကား

**ဤစာအုပ်အား ဘာကြောင့်ဖတ်သင့်သည်ဟူသည့် များစွာသောအကြောင်းအရင်းများ**

၁၉၈၇ ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့တဲ့ ရောင်းရေးဝယ်တာ အတတ်ပညာအမည်ရှိတဲ့ စာအုပ်ဟာ ထိုကာလရဲ့ဆယ်စုနှစ်အတွင်း အုပ်ရေ ၃ သန်းကျော် ရိုက်နှိပ်ထုတ်ဝေခဲ့ရတဲ့ ရောင်းအားအကောင်းဆုံးသော စာအုပ်ဖြစ်ခဲ့ရပါတယ်။

**စီးပွားရေးဆိုင်ရာ ဥပဒေသ–၁** အရ 'သင့်အောင်မြင်မှုနဲ့ ပတ်သက်ပြီး သင်ကလူအများကို ဘာမှမပြောရင် လူအများက သင့်အောင်မြင်မှုနဲ့ ပတ်သက်တဲ့ အခြေခံအကြောင်းအရင်းတွေကို သိနိုင်မှာမဟုတ်ပါဘူး။

လအနည်းငယ်ကြာပြီးတဲ့နောက်မှာတော့ ကျွန်တော်ဟာ'ရောင်းရေးဝယ်တာအတတ်ပညာ' စာအုပ်ကို ဖတ်ဖြစ်ခဲ့ပြီး ကျွန်တော်စီးပွားရေးလုပ်ကိုင်လာတဲ့ ၁၇ နှစ်အတွင်း မသိခဲ့တဲ့ ကိစ္စရပ်အတော်များများကို ထိုစာအုပ်ထဲကတစ်ဆင့် သိခွင့်ရရှိခဲ့ပါတယ်

**ရောင်းရေးဝယ်တာ အတတ်ပညာ** စာအုပ်ရဲ့ ပထမဆုံးစာပိုဒ်မှာ ရေးထားတဲ့စာသားတွေကို ကောက်နုတ်တင်ပြပေးလိုပါတယ်။

"ကျွန်ုပ်က ဒါကိုငွေကြေးအတွက်လုပ်ခြင်းမဟုတ်၊ ကျွန်ုပ်က အလုံအလောက်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကျွန်ုပ်လိုအပ်တာတွေ ပိုမိုရရှိခွင့်တွေရခဲ့ပြီး ကျွန်ုပ်က ဒါကိုလုပ်သင့်လုပ်ထိုက်တဲ့အရာအဖြစ် လုပ်ခြင်းဖြစ်ပါတယ်။

mgyoe.com

mgyoe.com


ရောင်းရေးဝယ်တာကိစ္စတွေဟာ ကျွန်ုပ်ရဲ့အတတ်ပညာဖြစ်ပြီး ရောင်းဝယ်တဲ့ ကိစ္စတွေက ကြီးမားလေးနက်များပြားလာတဲ့အခါ ကျွန်တော် ကြီးပွားတိုးတက်မယ့်လမ်းစတွေကလည်း တဖြည်းဖြည်း ပီပြင်ထင်ရှားလာခဲ့ပါတယ်။

ရောင်းရေးဝယ်တာစာအုပ်ရဲ့ နောက်ဆုံးစာပိုဒ်မှာ ရေးထားတဲ့စာသားတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

"ကျွန်ုပ်က ငွေကြေးအတွက် ဒါကိုလုပ်သင့်တယ်လို့ မထင်ဘူး။ ငွေကြေးရဲ့ပင်ကိုသဘောသက်သက်က အဆုံးသတ်မရှိပါဘူး။ ငွေကြေးဟာ တစ်ခါတစ်ရံမှာ ကျွန်ုပ်တို့ရဲ့ အိပ်မက်စိတ်ကူးတွေကို အကောင်အထည်ဖော်နိုင်အောင် များစွာအကူအညီပေးပါတယ်"

စီးပွားရေးဆိုင်ရာဥပဒေသ–၂ အရ **အချိန်တိုအတွင်း လျင်လျင်မြန်မြန်ဆောင်ရွက်လိုသော ကိစ္စများအား တိုက်ရိုက်ကိုင်တွယ် ဆောင်ရွက်ပါ**

သန်းကြွယ်သူဌေးဖြစ်လိုသူ၊ စီးပွားရေးလောကရဲ့ အကျော်အမော်ဖြစ်လိုသူတွေအဖို့ သန်းကြွယ်သူဌေးဖြစ်လာသူတွေရဲ့ လုပ်ကိုင်ဆောင်ရွက်စီမံခန့်ခွဲပုံတွေကို လေ့လာသင်ကြားသင်ခန်းစာယူမှသာ အိပ်မက်စိတ်ကူးတွေကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com





မိဘများဖြစ်သည့် မေရီ၊ ဖရက်ဒ်တို့နှင့်အတူ ဒေါ်နယ်ထရမ့်(လယ်)အား တွေ့ရစဉ်



ငယ်ဘဝကတည်းက အလုပ်လုပ်နိုင်ကြောင်း ပြသကာ စီးပွားရေးထက်မြက်သူအဖြစ်
အလားအလာတွေ့ရသည့် ထရမ့်ကလေးဘဝ

mgyoe.com

mgyoe.com






နယူးယောက် စစ်အကယ်ဒမီမှ ဆိုးတူ ကောင်းဖက်များ ဖြစ်ခဲ့ကြသည့် သီယိုဒို ဒိုဘီရက်စ်(ဝဲ)နှင့် ဗိုလ်ချုပ်ကြီး ဂျိမ်းစ် လိုင်လေ(ယာ)တို့အား ဒေါ်နယ်ထရမ့်နှင့် အတူ တွေ့ရစဉ်



ဒေါ်နယ်ထရမ့် အားထားရသည့် လက်ထောက်အမျိုးသမီး နော်မာဖိုရာဒါရာ နှင့်အတူ

mgyoe.com

mgyoe.com

ထရမ့်ရဲ့အဖွဲ့ဝင် အမှုဆောင်ဒုဥက္ကဋ္ဌ မက်သယူး ကာလာဟာရီနှင့်အတူ



ထရမ့်ရဲ့အဖွဲ့ဝင်များဖြစ်ကြသည့် မီရီဒစ် မက်ဒိုင်တာ၊ ရိုနာဂရပ်ပ်၊ နော်မာဖိုရာဒါရာတို့အား တွေ့ရစဉ်

mgyoe.com

mgyoe.com





တိုးတက်မှုကို မြင့်တင်နိုင်စေ
ဒေါ်နယ်ထရမ့်



ဂေါ့ဖ်ကစားခြင်းဖြင့် ဦးနှောက်
ဖွံ့ဖြိုးမှုနဲ့ ဘဝပြီးပြည့်စုံမှု
ရှာဖွေသည့် ဒေါ်နယ်ထရမ့်အား
တွေ့ရစဉ်

mgyoe.com

mgyoe.com





ဒေ့ဗ်အန်ဒါဆန်၊ ဂျိုးကာနန်၊
ဒေါ်နယ်ထရမ့်နှင့် ရှန်ဟောင်းဝပ်တို့အား
နယူးယောက်ခရိုင် ဘရိုင်ယာကလစ်ဗ်
မန်နာရှိ ထရမ့်အမျိုးသား ဂေါ့ဖ်ကလပ်
ဖွင့်ပွဲ၌ တွေ့မြင်ရပုံ



ထရမ့်တာဝါရှေ့မှ ဒေါ်နယ်ထရမ့်
(ဒီနေရာဟာ အိမ်လို မဟုတ်ပါ)

mgyoe.com

mgyoe.com





လူထုပရိသတ်ရှေ့မှောက် ရဲဝံ့စွာ
ပြောကြားနေသည့် ဒေါ်နယ်ထရမ့်



The New Yorker ထဲမှ ဒေါ်နယ်ထရမ့် အမှတ်တရ ကာတွန်းတစ်ကွက်

mgyoe.com

mgyoe.com




ယူနိုက်တက်နေးရှင်းပလာဇာမှာ ထရမ့်ကမ္ဘာ့တာဝါထိပ်ဆုံးသို့ ရောက်လာသည့် ဒေါ်နယ်ထရမ့်
(ဒေါ်နယ်ထရမ့် ဟာ ရဟတ်ယာဥ်မပါဘဲ စစ်ဆေးရခြင်းကို ကြိုက်သူဖြစ်ပါသတဲ့)



ဖလော်ရီဒါ၊ Palm ကမ်းခြေမှ ဟလာအောဂိုကလပ်

mgyoe.com

mgyoe.com





နယူးယောက်စစ်အကယ်ဒမီမှာ တွေ့ရသည့်
ထရမ့်နှင့်သူ့မိခင်



အစောပိုင်းဘဝနေ့ရက်များအတွင်း
ဖခင်ဖရက်ထရမ့်နှင့်အတူ

mgyoe.com

mgyoe.com





ဘဝထိပ်ဆုံးရောက်နေတဲ့ ထရမ့် ဖုန်းကို မရပ်မနားပြောပြီး အလုပ်များနေစဉ်




မယ်စကြာပြိုင်ပွဲရဲ့ အောင်မြင်မှု သရုပ္ပပွဲမြင်ကွင်း။ (ဝဲမှယာ။ ချားစ်ဂါဂါနို၊ စတီဗင်ဘောမာ၊ ဒီဝန်ဒါ ဟိုလီဖီး၊ မယ်စကြာ ဝင်ဒီပစ်ဝီလျံ၊ ဒေါ်နယ်ထရမ့်နှင့် NFL ကြယ်ပွင့်ဘရစ်စမစ်)။ ကီလီဘတ်သ် (ညာမှ တတိယ)၊ ဆီရီယိုမက်ဆီယိုနီ (ညာအစွန်) တို့အား တွေ့ရစဉ်။

mgyoe.com

mgyoe.com





အနုပညာဆန်တဲ့ ဆံပင်နှင့်အတူ

mgyoe.com

mgyoe.com






ခြောက်မျက်နှာ ဂုဏ်သတင်းကျော်ဇောသူ ရစ်ချတ်ဂျွန်ဆင်နှင့်အတူ




အလှပဂေး မီလီနာကာနက်နဲ့အတူ

mgyoe.com

mgyoe.com

သမီး အီဗီကာ၊ သားအီရစ်တို့နှင့်
ဂျော့ချ်တောင်းတက္ကသိုလ်တွင်
တွေ့ရသည့် ဒေါ်နယ်ထရမ့်



ဖလော်ရီဒါရှိ မာလာအေဂိုကလပ် Palm ကမ်းခြေတွင် ဒွန်ဂျူနီယား၊
အီရစ်တို့နှင့်အတူ ဒေါ်နယ်ထရမ့်အား တွေ့ရစဉ်

mgyoe.com

mgyoe.com





အကြီးဆုံးကလေး ၃ ဦးနှင့် ဒေါ်နယ်ထရပ် (ဒွန်ဂျူနီယာ၊ အီဗိယာနှင့် အီရစ်တို့နှင့်အတူ 20/20 အစီအစဉ် တင်ဆက်သူ ဘာဘရာဝေါလ်တားတို့အား တွေ့မြင်ရပုံ)

အငယ်ဆုံးသမီး တက်ဖနီနဲ့အတူ



mgyoe.com

mgyoe.com





ဘယ်သူနဲ့မဆို ဆွေးနွေးလေ့ရှိသူ ထရမ့်အား လော့ချ်ပိုးမန်း၊ ရှရှန်ဘရစ်ဂျ်တို့နှင့်အတူ




၄၀ ဝေါစထရိမှ ထရမ့် အဆောက်အအုံမြင်ကွင်း


mgyoe.com

mgyoe.com





အုံ့ဩဖွယ်ကောင်းသူ
မြို့တော်ဝန်ကြီး
မိုက်ခ်ဘလွန်းဘာ့ဂ်နှင့်အတူ





၂၀၀၀ ပြည့်နှစ်အတွင်း အခြားသော အကြီးမြတ်ဆုံး မြို့တော်ဝန်တစ်ဦးဖြစ်သူ ရူဒီဂူလီယန်နှင့် ထရမ့်တို့ တွေ့ဆုံစဉ်။


mgyoe.com

mgyoe.com





ဘဏ္ဍာရေးမှူး  အယ်လန်ဝင်ဆယ်ဘာ့ဂ်နှင့်အတူ



ဂျွိုင်း၊ ရီဂျစ်ဗီလ်ဘင်တို့နှင့်အတူ  မာလာအေဂိုမှာ  တွေ့ရသည့်  ဒေါ်နယ်ထရမ့်

mgyoe.com

mgyoe.com






အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန် နှင့်အတူ ထရမ့်အမျိုးသားဂေါ့ဖ်ကွင်းတွင် ဆုံတွေ့စဉ်။





မီလီနာကာနက်

mgyoe.com

mgyoe.com


ဒေါ်နယ်ထရမ့်သို့- "ခင်ဗျားကဲ့သို့ အောင်မြင်တိုးတက်လိုပါတယ်"လို့ ဆိုခဲ့သူ Shaq အား ဆုများနှင့်အတူ တွေ့ရစဉ်



The Apprentice အစီအစဉ်ပန်တီးရှင် မာ့ခ်ဘာန်းနက်၊ NBC ဖျော်ဖြေရေးဥက္ကဋ္ဌ ဂျက်ပ်ဇူကာတို့နှင့်အတူ

mgyoe.com

mgyoe.com




The Apprentice အစီအစဉ် အသံစစ်ဆေးမှု ခံယူရန် ရောက်လာသူများနှင့်
ထရမ့်တာဝါရှေ့တွင် တွေ့ဆုံနေသော ဒေါ်နယ်ထရမ့် (၂၀၀၃၊ ဩဂုတ်)




ဟောလိဝုဒ်ရှိ Times ဌာနမှ ဂျော့ချ်ရိုစ်၊ ကာရိုလင်းကက်ချာတို့နှင့် အတူ

mgyoe.com

mgyoe.com



စက်တင်ဘာ ၁၁၊ ၂၀၀၁ အပြီး
ထရမ့်တာဝါ ယာဘက် အဆောက်အ




၂၀၀၄ ဖေဖော်ဝါရီတွင် တွေ့ရသည်

mgyoe.com

mgyoe.com




လက်ရာမြောက်သော တင်ဆက်မှုများဖြင့် ထရမ့်ရုံးစိုက်ရာအား ပြီးပြည့်စုံစွာ တွေ့မြင်ရပုံ



ထရမ့်နေရာဌာန၌ အမေရိကန်စင်တာသစ်ဖွင့်လှစ်စဉ်

mgyoe.com

mgyoe.com




ထရမ့်ဌာနမှ တည်ဆောက်ရေး လုပ်သားများနှင့်အတူ



ထရမ့်နိုင်ငံတကာ ဟိုတယ်နှင့် တာဝါ

mgyoe.com

mgyoe.com



ယူနိုက်တက်နေရှင်း ပလာဇာရှိ ထရမ့်ကမ္ဘာ့တာဝါ



၅၉ လမ်းနှင့် မှ Park Avenue
ထရမ့်ရဲ့ ဥယျာဉ် (Trump Park)
အိမ်ရာ

mgyoe.com

mgyoe.com



# ထရမ့်အဖွဲ့အစည်းနောက်မှ ပုံရိပ်အထွေထွေ








mgyoe.com

mgyoe.com










mgyoe.com







mgyoe.com

mgyoe.com









mgyoe.com

mgyoe.com






mgyoe.com

mgyoe.com










mgyoe.com

mgyoe.com









mgyoe.com

mgyoe.com






mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အပိုင်း ၁

## ဒေါ်နယ်ဂျွန်ထရမ့်၏
## စီးပွားရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ
## ပညာသင်ကျောင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# စစ်သူကြီး ပီသပါစေ

ဘက်ပေါင်းစုံ၌ တာဝန်ယူဖြေရှင်းပေးနိုင်သူတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။ ကျွန်တော်ဟာ ထရမ့်စီးပွားရေးအဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ဥက္ကဋ္ဌတစ်ဦးနဲ့ထိုက်တန်တဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေအတွက် အဘက်ဘက်က တာဝန်ယူရသူတစ်ယောက်ဖြစ်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးဆောင်ရာမှာ ဘက်ပေါင်းစုံကနေ အစစအရာရာ တာဝန်ယူရမယ်ဆိုတာကို နားလည်ခဲ့ပါတယ်။

အစစအရာရာ တာဝန်ယူရမယ်ဆိုတာဟာ ကျွန်ုပ်တို့ရဲ့ဝန်ထမ်းတွေနဲ့ ပတ်သက်တဲ့ဘဝလုံခြုံမှုတွေ၊ လုပ်ငန်းဆိုင်ရာပြဿနာအခက်အခဲတွေနဲ့ ပတ်သက်ပြီး ကျွန်ုပ်တို့က အကောင်းဆုံးစီမံဆောင်ရွက်မှု၊ ဆုံးဖြတ်မှုတွေနဲ့ ဖြေရှင်းပေးရမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ရေးဟာ ဦးဆောင်ဦးရွက်လုပ်သူရဲ့ စီမံခန့်ခွဲဆုံးဖြတ်မှုအပေါ် အဓိကမူတည်ပြီး ရည်မှန်းချက်ပန်းတိုင်သို့ မရောက်သေးခင်ကာလတစ်လျှောက် လိုအပ်တဲ့ မဟာဗျူဟာတွေရေးဆွဲဆောင်ရွက်ဖို့လိုပါတယ်။

သင်က စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုကို ဦးဆောင်နေတယ်ဆိုရင် သင့်အတွက် အလုပ်လုပ်ပေးနေတဲ့(သို့) သင့်အပေါ် မှီခိုအားထားနေတဲ့ ဝန်ထမ်းပေါင်း နှစ်သောင်းကျော်၊ သုံးသောင်းက သင့်ဆုံးဖြတ်ချက်တွေအပေါ်မူတည်ပြီး ဘဝတိုးတက်မှုအခြေအနေ အပြောင်းအလဲတွေ အမျိုးမျိုး

mgyoe.com

mgyoe.com
ဖြစ်သွားနိုင်တာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဝန်ထမ်းတွေကို သတိပြုရွေးချယ်ရှာဖွေရာမှာ သင်က အထူးသတိထား တတ်တယ်ဆိုရင် လိုအပ်တဲ့ အရည်အချင်းနဲ့ ကိုက်ညီတဲ့ ဝန်ထမ်းတွေကို ခန့်အပ်တာဝန်ပေးနိုင်မှာဖြစ်ပြီး သင့်ရဲ့စီမံခန့်ခွဲမှုတွေမှာလည်း အဆင်ပြေ ချောမွေ့မှုရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော့် အတွေ့အကြုံအရ ဝန်ထမ်း တွေထဲက အရေးပါတဲ့ ရာထူးနဲ့လိုအပ်တဲ့ အရည်အချင်းပြည့်စုံသူတွေကို ကျွန်တော့်အတွက် အရေးကြီးတဲ့လုပ်ငန်းဆောင်တာတွေမှာ ထပ်ဆင့် တာဝန်ယူပေးသူတွေအဖြစ် လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော်ဟာ ကိုယ်ပိုင်ကက်စီနိုလောင်းကစားရုံတွေ၊ ဟိုတယ်တွေကို အတ္တလန်တိတ်စီးတီးမှာ ပိုင်ဆိုင်ထားတာကြောင့် အဲဒီလုပ်ငန်းတွေနဲ့ ပတ် သက်ပြီး လိုအပ်မယ့်အရာတွေကို အကောင်းဆုံးပြင်ဆင်ထားနိုင်ခဲ့ပါတယ်။

ကျွန်တော်က ကျွန်တော့်ရဲ့ စီအီးအို "မာ့ခ်ဘရောင်း"ကို မကြာခဏ ခေါ်တွေ့ပြီး အရေးကြီးတဲ့ သတင်းအချက်အလက်တွေကို မေးမြန်းတတ် သလို အရောင်းတာဝန်ခံတွေနဲ့လည်း တွေ့ဆုံပြီး အရောင်းအဝယ်အခြေ အနေ၊ ဖောက်သည်တွေဘက်က တုံ့ပြန်တဲ့အခြေအနေတွေကိုသိအောင် မေးမြန်းလေ့ရှိခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းတွေများစွာ လုပ်ကိုင်နေတဲ့သူတွေအနေနဲ့ မိမိတို့ လုပ်ကိုင်နေတဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီး သင့်တင့်လိုက်ဖက်မှုရှိတဲ့ ဝန်ထမ်း တွေကို ရွေးချယ်ခန့်ထားရမှာဖြစ်သလို ဖြစ်ပေါ်ကြုံတွေ့ရတတ်တဲ့ ပြဿနာ တွေကိုလည်း ဦးဆောင်လုပ်ကိုင်နေသူ ဝါစဉ်ကြီးငယ်အဆင့်ဆင့်က တာဝန် ယူ ဖြေရှင်းပေးဖို့လိုပါတယ်။

စီးပွားရေးလုပ်ငန်းတွေအတွက် သင့်တင့်ကောင်းမွန်တဲ့သူတွေဟာ စီမံ ခန့်ခွဲရေးအပိုင်းမှာ ကျွမ်းကျင်နိုင်သူတွေဖြစ်နေတတ်ပြီး လုပ်ငန်းသဘာဝ အခြေအနေအမျိုးမျိုးအရ လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်သူတွေ ဖြစ် ကြပါတယ်။ လုပ်ငန်းအဖွဲ့အစည်းတစ်ခုမှာ ဦးစီး–ခေါင်းဆောင် လုပ်သူ ကောင်းလျှင်ကောင်းသလို နောက်လိုက်ကောင်း၊ လက်အောက် ဝန်ထမ်း ကောင်းတွေများစွာ ရရှိမှာဖြစ်ပြီး အသင်းအဖွဲ့တစ်ခုစီအလိုက်လည်း စွမ်းဆောင် ရည်မြင့်မားတဲ့ တာဝန်ခံခေါင်းဆောင်ငယ်တွေများစွာ ပေါ်ထွက်လာမှာ
mgyoe.com

mgyoe.com


ဖြစ်ပါတယ်။

အကယ်၍ သင့်လုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်မြင့်မားတဲ့သူတွေ အပြင် ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းရှိသူတွေပါ များပြားနေခဲ့ပါက လုပ်ငန်း တိုးတက် အောင်မြင်မှု အမျိုးမျိုးနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။

ထူးခြားချက်အနေနဲ့ ဖန်တီးနိုင်စွမ်းရှိသူတွေဟာ ပေးအပ်တဲ့တာဝန်ကို မငြီးမငြူလက်ခံတတ်ကြပြီး အစဉ်အမြဲစွမ်းဆောင်မှုကောင်းတွေ မြင့်မား အောင်ကြိုးစားတာမျိုး၊ ဖန်တီးနိုင်စွမ်းမြင့်မားအောင် ကြိုးစားတာမျိုးတွေနဲ့ အချိန်ကုန်နေတတ်ပါတယ်။

ဖန်တီးနိုင်စွမ်းအားကောင်းတဲ့ သူတွေကို အထူးတလည်တိုက်တွန်း လှုံ့ဆော်စရာမလိုအပ်ပါဘူး။ သူတို့ရဲ့ ပင်ကိုစရိုက်အရ အတွင်းစိတ်မှာ လုပ်ငန်းအတွက်လိုအပ်တဲ့ အရာမှန်သမျှကို ဖြည့်ဆည်းဖို့ အစဉ်အမြဲ ဆန္ဒရှိ နေပြီး ဖြစ်ပါတယ်။ ဖန်တီးနိုင်စွမ်းမြင့်မားသူတွေဟာ လုပ်ငန်းအောင်မြင်မှု အတွက် လိုအပ်တဲ့အပိုင်းကဏ္ဍတွေနဲ့ပတ်သက်ပြီး အတိအကျ ခွဲခြား နားလည်သိမြင်နိုင်သူတွေလည်း ဖြစ်ပါတယ်။

ကျွန်တော်အရင်က လက်တွဲခဲ့ဖူးတဲ့ ဝန်ထမ်းအတော်များများဟာ ပရောဂျက်သစ်တစ်ခုကို တာဝန်ယူဆောင်ရွက်နိုင်ခဲ့တဲ့ သူတွေဖြစ်ကြပြီး လုပ်ငန်းအစအဆုံးအား အသေးစိတ်ကောင်းမွန်အောင် လုပ်နိုင်သူတွေ လည်း ဖြစ်ကြပါတယ်။

တပ်မတော်ကြီးတစ်ခုကို ခွဲဝေအုပ်ချုပ် ဦးဆောင်တဲ့ ဗိုလ်ချုပ်ကြီးတွေ ဟာ သူတို့ရဲ့ လက်အောက်စစ်သည်/တပ်သားတွေကို အစဉ်အမြဲတက်ကြွ ပြီး နိုးကြားနေစေဖို့ လိုအပ်သလို တိုက်တွန်းလှုံ့ဆော်နေတတ်ပါတယ်။

စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို စီမံအုပ်ချုပ်ရာမှာလည်း ထက်မြက်တဲ့ စီးပွားရေးစွမ်းဆောင်ရှင်တွေက မှန်ကန်တဲ့ ဦးဆောင်မှုတွေနဲ့အတူ စီမံ အုပ်ချုပ်နိုင်ဖို့ လိုပါတယ်။

❐

mgyoe.com

mgyoe.com

## အောင်မြင်မှုအတွက် ဆက်လက်အာရုံစိုက်ထားပါ

၁၉၈၀ ခုနှစ်များအတွင်း ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်းများစွာကို တိုးတက်စေခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်ဟာ "ကွင်းစ်အင်န်ဘရွတ် ကလင်း"ကို တည်ထောင်ခဲ့တဲ့ ဖခင် "ဖရက်ဒ်"ဆီကနေ အိမ်ခြံမြေရောင်းဝယ်ရေးစီးပွားရေးလုပ်ငန်းအကြောင်းသင်ယူလေ့လာမှုတွေများစွာ လုပ်ခဲ့ပြီး နောက်ပိုင်း "မန်ဟက်တန်"မှာ အဓိက အရေးပါတဲ့ စီးပွားရေးစွမ်းဆောင်ရှင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ ထရမ့်တာဝါ...၊ ဂရင်းမ်ဟီရက်ဟိုတယ်နဲ့ အခြားသော စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ပါတယ်။

ကျွန်တော်က အပျော်စီးရှက်လေ့တစ်စီး၊ ကိုယ်ပိုင်လေယာဉ်တစ်စင်း၊ ရောင်းအားအကောင်းဆုံး စာအုပ်တစ်အုပ်ကို ပိုင်ဆိုင်ခဲ့ပါတယ်။

ကျွန်တော်က အာရုံစူးစိုက်မှုတွေသာမရှိခဲ့ရင် ဒါဟာ ကျွန်တော့်ရဲ့ လုပ်ငန်းကို လုံးဝထိခိုက်ပျက်စီးအောင်လုပ်နေခြင်းသာ ဖြစ်တယ်လို့ ယူဆထားသူ ဖြစ်ပါတယ်။

အိမ်ခြံမြေရောင်းဝယ်ရေးစီးပွားရေးလုပ်ငန်းက မမျှော်လင့်ဘဲ ပျက်စီးသွားချိန်မှာ ကျွန်တော် ပေးဆပ်ရမယ့်ကြွေးမြီတွေက အမေရိကန်ဒေါ်လာ ၉.၂ ဘီလီယံအထိ မြင့်တက်သွားခဲ့ပါတယ်။

ကျွန်တော်က ဘဝရဲ့အောင်မြင်မှု အထွတ်အထိပ်ကို မရောက်ခင် အဆိုး

mgyoe.com

ဆုံးသောအခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး ဆိုးရွားတဲ့အခြေအနေတွေကို ဘယ်တော့မှမမေ့ပျောက်ဘဲ ရှိနေတတ်ပါတယ်။

ကျွန်တော့်ဘဝမှာ ကြုံတွေ့ရတဲ့ ပြဿနာအခက်အခဲတွေကို အကောင်းဆုံးစေ့စပ်ညှိနှိုင်းမှုတွေနဲ့ ပြေလည်အောင်လုပ်နိုင်ခဲ့ပါတယ်။

❐

mgyoe.com

mgyoe.com


## သင့်အရှိန်အဟုန်ကို ထိန်းသိမ်းပါ

သင့်ဘဝတိုးတက်မှုအတွက် ရှိနေဆဲဖြစ်သော အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိမှသာ အနာဂတ်ကာလတိုးတက်မှု အစီအစဉ်များအတွက် အထောက်အကူပြုပေးနိုင်မှာဖြစ်ပါတယ်။

လူတစ်ဦးချင်းစီမှာရှိနေတဲ့ အရှိန်အဟုန်ကို ထိန်းသိမ်းနိုင်စွမ်းရှိခြင်း၊ မရှိခြင်းနဲ့ ပတ်သက်ပြီး ကွာခြားတဲ့ အကျိုးရလဒ်တွေအကြောင်းအနည်းငယ်တင်ပြပေးလိုပါတယ်။

"ဝီလျံလီဗစ်"ဆိုတဲ့ "လီဗစ်တောင်း"ကိုတည်ထောင်တဲ့ သူဌေးက "အရှိန်အဟုန်"နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်အနှစ်သာရတွေကို ကျွန်တော် သိရှိနားလည်စေဖို့ ရှေ့ဆောင်လမ်းပြသင်ခန်းစာပေးခဲ့ပါတယ်။

၁၉၅၀ ခုနှစ်များအတွင်း မစ္စတာလီဗစ်ဟာ စီးပွားရေးလုပ်ငန်းရှင်များလောကရဲ့ ဘုရင်တစ်ဆူအဖြစ်ရပ်တည်နိုင်ခဲ့သူဖြစ်ပါတယ်။

၁၉၅၆ ခုနှစ်အရောက်မှာတော့ သူ့ကုမ္ပဏီ "လီဗစ်တောင်း"ကို "အိုင်တီတီ" ကုမ္ပဏီသို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နဲ့ ရောင်းချပစ်ခဲ့ပါတယ်။ ယနေ့ကာလပေါက်ဈေးအရ အဲဒီကုမ္ပဏီကို ရောင်းမယ်ဆိုရင် ရောင်းရငွေက ဘီလျံအထိတန်ဖိုးမြင့်တက်စွာပေးရမှာဖြစ်ပါတယ်။

ဝီလျံလီဗစ်က သူ့ကုမ္ပဏီကိုရောင်းချပြီးနောက်ပိုင်းမှာ အောက်ပါဆိုးရွားတဲ့ အမှားများစွာကို တစ်ခုပြီးတစ်ခုလုပ်ဖြစ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


ဝီလျံလီဗစ်က စီးပွားရေးလုပ်ငန်းရှင်အဖြစ်ကနေအနားယူလိုက်တယ်။ နောက်ပြီး သူက မယူသင့်တဲ့ အမျိုးသမီးတစ်ယောက်ကို လက်ထပ်လိုက်တယ်။ သူကပြင်သစ်တောင်ပိုင်းကို ပြောင်းရွှေ့သွားပြီး သူ့ဇနီးသည် အသစ်၊ ကိုယ်ပိုင်လေ့အသစ်နဲ့အတူ "ရီဗီရာ"ဒေသမှာ နေထိုင်ခဲ့လိုက်တယ်။

တစ်နေ့မှာ သူ့ကုမ္ပဏီကိုဝယ်လိုက်တဲ့ "အိုင်တီတီ"ကုမ္ပဏီကို ဖုန်းဆက်ပြီး အကူအညီတောင်းခဲ့တယ်။

စီးပွားရေးလုပ်ငန်းများ စုပေါင်းထားတဲ့ ကော်ပိုရေးရှင်းကြီးကို ဦးဆောင်တဲ့သူတွေက မြေကွက်တွေများစွာ ဝယ်ထားပြီး အိမ်ခန်း၊ ရုံးခန်းများကို တည်ဆောက်ရေးအစီစဉ်တွေနဲ့ပတ်သက်လို့ ပင်ကိုစွမ်းရည်တွေ နည်းပါးတာကြောင့် မစ္စတာလီဗစ်ကို ပြန်ရောင်းဖို့ ကမ်းလှမ်းခြင်းသာ ဖြစ်ပါတယ်။

အိုင်တီတီက သူတို့ဆက်မလည်ပတ်နိုင်တဲ့ ကုမ္ပဏီကို မစ္စတာလီဗစ်ဆီ ပြန်ရောင်းရာကနေ မစ္စတာလီဗစ်လည်း စီးပွားရေးလုပ်ငန်းရှင်များလောကထဲကို တစ်ကျော့ပြန်ရောက်လာခဲ့ပါတယ်။

သို့သော်လည်း မစ္စတာလီဗစ်က စီးပွားရေးလောကကနေ အချိန်ကာလအတန်ကြာအထိ ဘေးထွက်သွားခဲ့တာကြောင့် သူပြန်လည်ရောက်လာချိန်မှာတော့ အရင်အတိုင်း အရှိန်အဟုန်ကောင်းနဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်မထိန်းသိမ်းနိုင်တော့တာကြောင့် လုပ်ရင်းကိုင်ရင်းနဲ့ ကြွေးမြီတွေ မဆပ်နိုင်တဲ့အထိ ဖြစ်ခဲ့ရပါတယ်။

ကျွန်တော်က မစ္စတာ ဝီလျံလီဗစ်မကွယ်လွန်ခင်ရက်သတ္တပတ် ၂ ပတ်အလို ၁၉၉၄ ခုနှစ်ရဲ့ ကော့တေးပါတီပွဲတစ်ခုမှာ သူ့ကို တွေ့ဆုံခွင့်ရခဲ့ပါတယ်။

မစ္စတာလီဗစ်က အခန်းရဲ့ ထောင့်တစ်ထောင့်မှာရှိတဲ့ စားပွဲကနေ သူ့ကိုယ်သူ မနည်းရပ်နိုင်အောင်ကြိုးစားပြီး ထနေတာတွေ့ရပါတယ်။

"မစ္စတာလီဗစ်" လို့ ကျွန်တော်က မေးလိုက်တယ်။ ပြီးတော့ "ခင်ဗျားဒီမှာ ဘာလုပ်နေတာလဲလို့ ကျွန်တော်က မေးလိုက်တယ်။

"ကျုပ်ဘာမှအဆင်မပြေဘူး၊ ဒေါ်နယ်" လို့ မစ္စတာလီဗစ်က အစပြုလိုက်ပြီး ခဏအကြာမှာတော့ ကျွန်တော့် ဘဝတစ်သက်တာလုံးအတွက် မမေ့ရက်နိုင်စရာကောင်းလှတဲ့ စကားတစ်ခွန်းကို သူကပြောလိုက်ပါတော့

mgyoe.com

mgyoe.com


တယ်။ "ကျုပ်မှာ အရှိန်အဟုန်တွေ လုံးဝပျောက်ဆုံးသွားခဲ့ပြီ ဒေါ်နယ်၊ ကျွန်တော်စီးပွားရေးလောကကနေ နှစ်ပေါင်း ၂၀ လောက်ပျောက်သွားပြီး အခု ပြန်ပေါ်လာတဲ့အချိန်မှာ အရင်လိုမျှော်လင့်ချက်တွေ မရှိတော့ဘဲ ဆုံးရှုံးနစ်နာစရာတွေကပဲ ဆီးကြိုနေတယ်လေ"

ဝိလျံလီဗစ်အနေနဲ့ သင်ဘယ်လိုပြီးဆုံးအောင် လက်စသတ်နိုင်တဲ့ လုပ်ငန်းတွေရှိသည်ဖြစ်စေ၊ သင့်စီးပွားရေးလုပ်ငန်းကို သင်က ဘယ်လောက်ပဲ ကောင်းစွာ သိရှိနားလည်သည်ဖြစ်စေ၊ သင့်လုပ်ငန်းနယ်ပယ်နဲ့ ပတ်သက်သမျှ အသေးစိတ်အချက်အလက်တွေကို သင်ဘယ်လောက်ပဲ သိကျွမ်းနားလည်သည်ဖြစ်စေ သင့်အတွေ့အကြုံ ဘဝသင်ခန်းစာတွေကို လက်တွေ့အသုံးချနိုင်မှသာအမှန်တကယ်တိုးတက်အောင်မြင်နိုင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း ကျွန်တော်တို့ အားလုံးကို သင်ခန်းစာပေးခဲ့ခြင်းဖြစ်ပါတယ်။

သင်က ဘယ်လိုလုပ်ငန်းမျိုးကို စီမံခန့်ခွဲရသည်ဖြစ်စေ သင့်ဘက်က လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတွေရှိနေရုံနဲ့ မလုံလောက်ဘဲ သင့်လုပ်ငန်းကို တိုးတက်မှုအတွက် အခြေအနေကောင်းများကို ဆက်လက်ထိန်းထားနိုင်ဖို့ အရှိန်အဟုန်ကောင်းတွေက အရေးပါနေဦးမှာ ဖြစ်ပါတယ်။

❒

mgyoe.com

mgyee.com


## လုပ်ငန်းအောင်မြင်မှုအတွက် ကြီးမားတဲ့ အထောက်အကူတစ်ခုခု ရယူပေးထားပါ

"သင်ယုံကြည်ချက် အားကိုးမှုပြုနိုင်သည့်လူအများနှင့် သင့်ကိုယ်သင် ဝိုင်းရံပေးနိုင်အောင် ကြိုးစားပါ၊ သင့်ဘဝအတွက်အကျိုးဖြစ်ထွန်းစေမည့်သူများက သင့်ကို ဝိုင်းရံပေးထားတယ်ဆိုရင်...

ဘုရား သခင်ထံမှ သင်လိုအပ်သော အကူအညီများကို တောင်းခံပေးပါ။ သင့်အပေါ် မိတ်ဆွေကောင်းတွေအဖြစ် ကောင်းကျိုးပြုသူများက ဘုရားသခင်ထံမှ ပေးသောအကူအညီကဲ့သို့ သင့်အခက်အခဲတွေကို ကူညီဖြေရှင်းပေးနိုင်ပါလိမ့်မယ်။

ကျွန်တော့်ရဲ့ လုပ်ငန်းကိစ္စတွေအတွက် ရက်သတ္တတစ်ပတ်မှာ တယ်လီဖုန်း(အဝင်)ပြောဆိုဆွေးနွေး မေးမြန်းမှုများက ၁၂၅၀ ကြိမ်အထိ ရှိနေတတ်ပြီး များစွာသော လုပ်ငန်းကိစ္စတွေအတွက် နိုင်နင်းအောင် စီမံဆောင်ရွက်ခဲ့ရပါတယ်။

လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းသစ်တွေကို ရွေးချယ်ခန့်ထားရာမှာလည်း ဝန်ထမ်းသစ်တစ်ဦးက အလုပ်တွေကို အချိန်ဘယ်လောက်ထိ မြန်မြန်ဆန်ဆန်လုပ်နိုင်တယ်ဆိုတာကအစ အသေးစိတ်သိရှိထားဖို့လိုပါတယ်။ တစ်နေ့မှာတော့ ဝန်ထမ်းသစ်တစ်ယောက်ရဲ့ အလုပ်လုပ်နိုင်စွမ်းကို သိနိုင်ဖို့ ကျွန်တော်က သူ့ကို ၁၅ မိနစ်အတွင်း တစ်နေရာရာသွားစရာရှိတဲ့ အကြောင်း၊ ထိုအချိန်အပိုင်းအခြားအတွင်း တစ်စုံတစ်ရာဘာလုပ်စရာရှိ

mgyee.com

mgyoe.com


တယ်ဆိုတာကို ဝန်ထမ်းကသိဖို့ လိုတဲ့အကြောင်း ပြောပြလိုက်တယ်။

အမှန်တကယ်တော့ ကျွန်တော်က ဘယ်ကိုမှ သွားစရာမရှိပါဘူး။ သို့သော်လည်း ကျွန်တော်ပြောတဲ့ ၁၅ မိနစ်အတွင်း ဝန်ထမ်းက သူဘာလုပ်ရမယ်ဆိုတာကို သိနိုင်စွမ်း ဘယ်လောက်ထိရှိမှန်း စမ်းသပ်ခြင်းသာ ဖြစ်ပါတယ်။

❐

mgyoe.com

mgyee.com


## လက်ဆင့်ကမ်း တာဝန်လွှဲခြင်း

သင်ကိုယ်တိုင်ကြိုးစားအားထုတ်လုပ်ကိုင်နိုင်စွမ်းရှိခြင်းတွေထက် သင့်လက်အောက်ဝန်ထမ်းတွေကပိုပြီး ကြိုးစားအားထုတ်ကြလိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်ပါနဲ့၊ ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ကိုယ်ပိုင်စံချိန်တစ်ခုကို သတ်မှတ်ပေးပါ။

ကျွန်တော်ဟာ ရက်သတ္တပတ်တစ်ပတ်မှာ ၇ – ရက်လုံးလုံး အလုပ်လုပ်တတ်သူဖြစ်ပြီး အလုပ်လုပ်နေရတဲ့ အချိန်တစ်နာရီချင်း၊ တစ်မိနစ်ချင်းစီတိုင်းအပေါ် နှစ်သက်မြတ်နိုးတတ်သူဖြစ်ပါတယ်။

အလုပ်ခွင်အတွင်း အလုပ်ကို အချိန်ပြည့်လုပ်နေတတ်သူတွေဟာ မိသားစုနဲ့ အချိန်အတော်များများကင်းဝေးနေတတ်ပြီး အလုပ်ခွင်အတွင်း တွဲဖက်လုပ်ကိုင်သူတွေနဲ့သာ အချိန်ကုန်ရတာက များနေတတ်ပါတယ်။

ဒီအခြေအနေနဲ့ ပတ်သက်ပြီး ကျွန်တော့်ရုံးခန်းကို အလည်အပတ်လာရောက်သူတွေက ကျွန်တော့်ကို သတိပေးအကြံပြုစကားတွေများစွာ ပြောခဲ့ကြပါတယ်။ အလုပ်ခွင်အတွင်း အလုပ်လုပ်နေချိန်များပြီး မိသားစုနဲ့ ထိတွေ့ချိန်နည်းပါးလာတဲ့အခါ တစ်ဦးအပေါ်တစ်ဦး ဆက်ဆံရေးအေးစက်သွားပြီး နောက်ဆက်တွဲပြဿနာအဖြစ် နားလည်မှုလွဲတာတွေ ဖြစ်ပေါ်လာတတ်တယ်လို့ မိတ်ဆွေတွေက သတိပေးခဲ့ကြပါတယ်။

မိတ်ဆွေတွေရဲ့အကြံပြု သတိပေးစကားတွေကို ကျွန်တော်လက်ခံ

mgyee.com

mgyoe.com


အသိအမှတ်ပြုပါတယ်။ ကျွန်တော်ကိုယ်တိုင် မိသားစုနဲ့ ထိတွေ့မှု နည်းပါးရခြင်းရဲ့ နောက်ဆက်တွဲပြဿနာကို ရင်ဆိုင်ခဲ့ရတာမဟုတ်ပါလား။

တကယ်တော့ လူတိုင်းဟာ နေ့စဉ်နေ့တိုင်း အစစအရာရာမှာ အဆင်ပြေချောမွေ့တာမျိုးကိုပဲ အလိုရှိတတ်ပါတယ်။ ဒါပေမဲ့ ဒါဟာလုံးဝမဖြစ်နိုင်တဲ့ ကိစ္စပါ။

အကယ်၍ သင်က နေ့စဉ်နေ့တိုင်း ရှက်လေ့စီးရတာကို အဆင်ပြေချောမွေ့ချင်တယ်ဆိုရင် မြေထဲပင်လယ်ဒေသကို ပြောင်းရွှေ့နေထိုင်ဖို့ လိုပါတယ်။ ဒါဟာ သက် ရှက်လေ့စီးဖို့ကိစ္စတစ်ခုတည်းကိုသာ ဦးစားပေးတဲ့အခါမှသာ ဖြစ်ပါလိမ့်မယ်။

အောင်မြင်မှုရသူတွေအနေနဲ့ ပြဿနာ အခက်အခဲတွေကို လေ့ကားထစ်တွေလိုမျိုး သဘောထားပြီး တစ်ထစ်ချင်းစီတက်နိုင်အောင်ကြိုးစားတတ်ကြပါတယ်။ အောင်မြင်မှုအတွက် ကြိုးစားအားထုတ်နေသူတွေကို ဘယ်ပြဿနာအခက်အခဲတွေကမှ တာရှည်တားဆီးနှောင့်ယှက်နိုင်စွမ်းမရှိကြဘဲ ပြဿနာတိုင်းက သင်ခန်းစာအဖြစ် အသွင်ပြောင်းသွားရလေ့ရှိပါတယ်။

တကယ်တမ်း လေးနက်စွာစဉ်းစားတွေးခေါ်ကြည့်မယ်ဆိုရင် သင်နဲ့ ကျွန်တော်တို့မှာ ဘာပြဿနာမှ မရှိရင် ဘယ်စီးပွားရေးလုပ်ငန်းတွေမှ လည်း ရှိနိုင်မှာမဟုတ်ပါဘူး။ လောကမှာ ဆောင်ရွက်လုပ်ကိုင်စရာ ကိစ္စတိုင်းက ပြဿနာအနည်းနဲ့ အများရှိနေတတ်ပြီး အဲဒီပြဿနာကို ဖြေရှင်းပြီးတဲ့အခါမှာတော့ အောင်မြင်မှုဆိုတဲ့ ရလဒ်ကောင်းကို ရရှိပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

သင့်ဘဝတိုးတက်မှုဟာ သင့်စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်မြင်မှုကို ကိုယ်စားပြုနေတာကြောင့် အစဉ်အမြဲကြိုးစားအားထုတ်မှုတွေက ထက်ကြပ်မကွာ ရှိနေဖို့လိုပါတယ်။

သင်က လုပ်ငန်းတိုးတက်အောင် လုပ်နေသူဖြစ်သော်လည်း သင့်လက်အောက်ဝန်ထမ်းတွေအပေါ် စိတ်တိုင်းမကျတဲ့အခါတိုင်း ခြိမ်းခြောက် ဟိန်းဟောက်တာမျိုးတွေမလုပ်မိအောင် သတိပြုဆင်ခြင်ရပါလိမ့်မယ်။

အကယ်၍ သင်က လက်အောက်ဝန်ထမ်းအဆင့်ဆင့်ကို ကြောက်

mgyoe.com

mgyoe.com


အောင်မြင်မြိမ်းခြောက်တာမျိုးတွေ၊ တင်းမာစွာ ဆက်ဆံတာမျိုးတွေ လုပ်ထားမိခဲ့ရင် သင့်အတွက်အရေးပါမယ့်သတင်းအချက်အလက်တွေကို မရရှိတော့ဘဲ လူအများရဲ့ဝိုင်းဝန်းလိမ်ညာခြင်းကို ခံစားရတော့မှာဖြစ်ပါတယ်။

ဒီအခြေအနေ အနေအထားတွေကို ကြိုတင်ရိပ်စားမိတဲ့ ကျွန်တော်ကတော့ မည်သူမဆိုအချိန်မရွေး ဝင်ရောက်ပြောဆို ဆွေးနွေးနိုင်၊ အကြံပြုနိုင်၊ တိုင်ကြားနိုင်အောင် အစဉ်အမြဲတံခါးဖွင့်ပေးထားခဲ့ပါတယ်။

သင့်လုပ်ငန်းအဖွဲ့အစည်းတစ်ခုလုံးက သင့်ကိုယ်ပိုင် သင့်လက်ထဲမှာရှိနေတာကြောင့် သင့်စိတ်ကြိုက် မဟာဗျူဟာတွေရေးဆွဲပြီး သင့်တင့်လိုက်ဖက်သောစနစ်တွေနဲ့ စီမံခန့်ခွဲပေးနိုင်ပါတယ်။

❐

mgyoe.com

## မရေမရာ၊ မပြတ်သားတာမျိုးတွေ မရှိပါစေနဲ့

သင်က အောင်မြင်ချင်ရင် စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အရာရာ မပြတ်မသား၊ မရေမရာတာမျိုးတွေ မရှိရအောင် သတိပြုဖို့လိုပါတယ်။

အကယ်၍ သင်က မရေမရာ မပြတ်မသားဖြစ်နေတယ်ဆိုရင် သင့်ကိုယ်သင်ဘာဆိုဘာမှ သေချာရေရာမှုရှိအောင် မလုပ်နိုင်သူ၊ သင်လုပ်နေတဲ့အလုပ်နဲ့ ပတ်သက်ပြီး ဘာမှသေချာ ဂဃနဏမသိသူတစ်ယောက်ဖြစ်တဲ့သဘောရည်ညွှန်းနေပါလိမ့်မယ်။

သင်က စီးပွားရေးလောကမှာ အောင်မြင်ချင်တဲ့အခါ လိုအပ်သလိုစွန့်စားလုပ်ဆောင်မှုတွေ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်ပါတယ်။

စွန့်စားမှုပါသောအလုပ်တွေကို လုပ်တဲ့အခါ သင့်ဘက်က အကောင်းဆုံးတွေကို စိတ်ကြိုက်ရွေးချယ်ပြီး အကောင်အထည်ဖော်ဖို့အတွက် ရဲဝံ့ပြတ်သားတဲ့ စိတ်ထားရှိဖို့လိုပါတယ်။

❒

mgyoe.com

## သင့်ကိုယ်သင်မေးရမယ့် မေးခွန်းနှစ်ခု

၁။ ကျွန်ုပ်လုပ်နိုင်တာထက်ပိုပြီး ကောင်းအောင်လုပ်နိုင်တဲ့သူ ဘယ်သူရှိပါသလဲ။ ဤမေးခွန်းအား အကောင်းဆုံးဖြေဆိုနိုင်ဖို့အတွက် သင့်ကိုယ်သင် ဘယ်သူဆိုတာကို သိအောင်လုပ်ပါ။ ပြီးရင် သင့်ပြိုင်ဘက်က ဘယ်သူဆိုတာကို သိအောင်လုပ်ပါ။ တကယ်လို့ သင့်ပြိုင်ဘက်က သင့်ထက်ပိုပြီး အားသာနေတယ်ဆိုရင် အဲဒီပြိုင်ဘက်မှာလိုအပ်နေတဲ့၊ အဲဒီပြိုင်ဘက်မှာမရှိတဲ့ အရည်အသွေးတွေကို သင်ကပေးနိုင်ကြောင်း ကမ်းလှမ်းပေးပါ။

၂။ ကျွန်ုပ်က ဘာကို မမြင်ဟန်ဆောင်ရတာလဲ။

ဘဝအောင်မြင်တိုးတက်မှုအတွက် ကြိုးစားနေစဉ်ကာလအတွင်း စိတ်ကိုထိခိုက်အောင် နှောင့်ယှက်နိုင်တဲ့ အခြေအနေတွေကို အတတ်နိုင်ဆုံး မမြင်ဟန်ဆောင်တတ်ဖို့လိုပါတယ်။ တစ်ဆက်တည်းမှာပဲ သင်လုပ်ကိုင်နေတဲ့အလုပ်ကို ယုံကြည်စွာနဲ့ ဆက်လက်လုပ်ကိုင်နိုင်စေဖို့ စိတ်ပျော်ရွှင်မှုတွေကို ဖန်တီးပေးရပါမယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သမ္မတ 'ရစ်ချတ်နစ်ကွန်း' ရဲ့မေးခွန်းတွေကို ရေးသားပေးတဲ့သူက အခုလိုပြောခဲ့ဖူးပါတယ်။

'အိပ်မက်စိတ်ကူးတစ်ခုကို အကောင်အထည်ဖော်ရာမှာ စိတ်ကူးအိပ်မက်ကို တိမ်တိုက်တွေကြားထဲအထိ ရောက်အောင် မခေါ်ဆောင်နိုင်သေးခင်မြေပြင်မှာ အချက်အလက်အမှန်တွေကို လေးနက်စွာလေ့လာထားရမယ်"

mgyoe.com

mgyoe.com

## မလွဲမရှောင်သာ ဆောင်ရွက်ရသောကိစ္စများ

"ကျွန်တော်တို့ ခင်ဗျားကို အလုပ်ဖြုတ်လိုက်ပြီ"ဆိုတဲ့ စကားကို ကျွန်တော့်တာဝန်အရ မကြာခဏပြောဆိုပြီး ဝန်ထမ်းတွေကို အလုပ်ကနေ ဖယ်ရှားရခြင်းတွေရှိခဲ့ပါတယ်။

လုပ်ငန်းလည်ပတ်မှုပုံစံအနေအထားအမျိုးမျိုးအရ ဘယ်လိုလုပ်ငန်း သဘာဝမှာမဆို လုပ်ငန်းအပေါ် စိတ်မဝင်စားသူ၊ စွမ်းဆောင်ရည်ညံ့ဖျင်း သူ၊ လုပ်ငန်းအဖွဲ့အစည်းတစ်ခုလုံးအတွက် ထိခိုက်နစ်နာစေသူတွေကို တော့ မလွဲမရှောင်သာ အလုပ်ကနေ ရပ်စဲရမှာဖြစ်ပါတယ်။

ဝန်ထမ်းတစ်ယောက်ရဲ့ ပြစ်ချက်တွေကြောင့် အဲဒီဝန်ထမ်းကို အလုပ် ကနေရပ်စဲတော့မယ်ဆိုရင် မိမိတို့ဘက်က ချက်ချင်းလက်ငင်းစီမံကိုင်တွယ် ခြင်းမလုပ်သေးဘဲ ဦးစွာပထမ သတိပေးခြင်းနှင့် အခွင့်အရေးပေးခြင်းတွေ လုပ်ပေးပြီး အခြေအနေ စောင့်ကြည့်ဖို့လိုပါတယ်။

မိမိတို့ဘက်က အခွင့်အရေးကောင်းတွေ ပေးထားခြင်းအပေါ် အဲဒီ ဝန်ထမ်းက ကောင်းစွာနားလည်လက်ခံပြီး အချိန်မီပြုပြင်ခဲ့တယ်ဆိုရင် မူလ ရာထူးနဲ့ လုပ်ငန်းတာဝန်တွေမှာပဲ ဆက်လက်လုပ်ကိုင်ခွင့်ပေးရပါမယ်။

အချို့လုပ်ငန်းကျွမ်းကျင်သောဝန်ထမ်းတွေက ကျွန်တော်တို့ အလုပ်ထဲ ကနေ ထွက်လိုတဲ့ဆန္ဒရှိလာတဲ့အခါမှာလည်း ကျွန်တော့်အနေနဲ့ ဘယ်တော့ မှ တားဆီးပိတ်ပင်ခြင်း၊ ဖျောင်းဖျပြောဆိုစည်းရုံးပြီး မိမိအလုပ်ထဲမှာပဲ

mgyoe.com

မြဲမြဲစွာဆက်လုပ်ဖို့ ဆွဲမထားတတ်ပါဘူး။ ကျွန်တော်က သူတို့ ဒီမှာမလုပ်ချင်တဲ့အခါ ဒီမှာပဲ ဆက်လုပ်ဖို့အတင်းအဓမ္မ မတိုက်တွန်းဘဲ လွတ်လပ်ခွင့်ပေးထားတတ်ပါတယ်။ ကျွန်တော်တို့က လစ်လပ်ဝန်ထမ်းတွေရဲ့ နေရာမှာလိုအပ်သလိုအစားထိုးပြီး လိုအပ်တဲ့အရည်အချင်းတွေရှိလာအောင် လေ့ကျင့်သင်ကြားပေးခြင်းတွေ လုပ်ပေးရုံပဲရှိပါတယ်။

အတွေ့အကြုံနဲ့ အရည်အချင်းတွေပြည့်စုံတဲ့ ဝန်ထမ်းတွေဟာ ကျွန်ုပ်တို့ ကုမ္ပဏီမှာလုပ်နေစဉ်ဖြစ်စေ၊ ကျွန်ုပ်တို့ကုမ္ပဏီကနေထွက်ပြီး အခြားသောလုပ်ငန်းတွေမှာ ပြောင်းရွှေ့လုပ်ကိုင်သည်ဖြစ်စေ ကျွမ်းကျင်မှုနဲ့ ရင့်ကျက်သော အတွေ့အကြုံတွေကြောင့် ဝန်ထမ်းကောင်းတွေ ရသင့်ရထိုက်တဲ့ အကျိုး ခံစားခွင့်တွေကို အစဉ်အမြဲရရှိနေမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့အနေနဲ့ အတွေ့အကြုံရင့်ကျက်ပြီး စွမ်းဆောင်ရည်မြင့်မားတဲ့သူတွေကို လက်လွှတ်မခံလိုကြသော်လည်း လူတစ်ဦးချင်းစီရဲ့ကိုယ်ပိုင်ကံကြမ္မာတွေကို ကြားဝင်ခြယ်လှယ်ခြင်းမပြုနိုင်တာကြောင့် သူတို့လုပ်ငန်းကနေ စွန့်ခွာလိုတဲ့အခါတိုင်း လိုက်လျောပေးခဲ့ရပါတယ်။

❐

mgyoe.com

## ကျွမ်းကျင်ဝန်ထမ်းများကို ငှားရမ်းအသုံးပြုတိုင်း အရဲစွန့် လုပ်ဆောင်ရတတ်ပါတယ်

အချို့သောကျွမ်းကျင်ဝန်ထမ်းတွေဆိုရာမှာ သက်သေခံအထောက်အထား လက်မှတ်တွေ ဘယ်လောက်ပဲထုတ်ပြနိုင်သည်ဖြစ်စေ လုပ်ငန်းခွင်အတွင်း လက်တွေ့လုပ်ပြနိုင်ခြင်းကသာ အခရာကျနေပါလိမ့်မယ်။

ကျွမ်းကျင်ဝန်ထမ်းတွေကို ခန့်ထားဖို့ ပြင်ပကနေ ငှားရမ်းအသုံးပြုရာမှာ တစ်ခါတစ်ရံ သူတို့လက်ဝယ်ပိုင်ဆိုင်ထားတဲ့ သက်သေခံအထောက်အထား လက်မှတ်တွေက လက်တွေ့လုပ်နိုင်စွမ်းနဲ့ တစ်ထပ်တည်းကျမနေဘဲ ကွဲလွဲနေတတ်ပါတယ်။ ဒါကြောင့်လည်း ကျွမ်းကျင်ဝန်ထမ်းတွေကို ငှားရမ်းအသုံးပြုတိုင်း စွန့်စားမှုပါတဲ့ အလုပ်ကို လုပ်ရသလိုမျိုး၊ အရဲစွန့် လုပ်ဆောင်ရသလိုမျိုး ဖြစ်နေတတ်ပါတယ်။ အချို့သော ကျွမ်းကျင်ဝန်ထမ်းတွေဟာ သူတို့ဝင်ရောက်လုပ်ကိုင်ပေးနေတဲ့ ကုမ္ပဏီရဲ့အောင်မြင်မှု၊ ကျရှုံးမှုတွေက သူတို့နဲ့တိုက်ရိုက်သက်ဆိုင်နေတယ်လို့ ခံယူပြီး လုပ်ကိုင်သမျှ ကိစ္စတိုင်း အပေါ် အလေးအနက်ထားရှိတတ်ပါတယ်။

အချို့သော ကျွမ်းကျင်ဝန်ထမ်းတွေက သူတို့ရဲ့ စွမ်းဆောင်ရည်ကောင်းတွေအပေါ် အခွင့်ကောင်းယူပြီး ကိုယ်ကျိုးအတွက် ကုမ္ပဏီကို အသုံးချခြင်း၊ ကုမ္ပဏီပိုင်ငွေကြေးများစွာအား မတန်တဆသုံးစွဲခြင်းတွေ လုပ်တတ်ကြပါတယ်။ ဒီအနေအထားကိုကြည့်ရင် ကျွမ်းကျင်ဝန်ထမ်းတွေကြောင့် ကုမ္ပဏီ တိုးတက်နိုင်ခြေရှိနေသလို ကျွမ်းကျင်ဝန်ထမ်းတွေကြောင့်ပဲ ကုမ္ပဏီထိခိုက် ပျက်စီးရကိန်းနဲ့ ကြုံတွေ့ရစေတာကို တွေ့ရပါလိမ့်မယ်။

❒

mgyoe.com

mgyoe.com


**စိတ်ကူးအကြံအစည်ကောင်းများအား လက်ခံကြိုဆိုပေးပါ၊ သို့သော်လည်း မှန်ကန်သင့်လျော်သော စိတ်ကူးဖြစ်ဖို့ လိုပါတယ်။**

သင်က ကုမ္ပဏီလုပ်ငန်းတစ်ခုစတင်တည်ထောင်လည်ပတ်ဖို့ ကြိုးစားတဲ့အခါ သင့်ဝန်ထမ်းတွေအပေါ်နားလည်လက်ခံပေးနိုင်စွမ်းတွေ သင့်မှာ ရှိနေဖို့ လိုပါတယ်။

သင့်ဝန်ထမ်းတွေအပေါ်သင်က နားလည်ပေးနိုင်တဲ့အခါ သင့်လက်အောက်ဝန်ထမ်းတွေကလည်း သင့်အပေါ်နားလည်ပြီး သင့်အတွက် အသုံးတည့်မယ့် စိတ်ကူးအကြံအစည်ကောင်းတွေ ပေးလာပါလိမ့်မယ်။

သင်က ဝန်ထမ်းတွေပေးတဲ့ စိတ်ကူး အကြံဉာဏ်ကောင်းတွေကို လေးစားစွာ လက်ခံနိုင်ခြင်းမရှိရင်....သင့်အတွက် ဝန်ထမ်းကောင်းတွေ ဆုံးရှုံးရသလို ဖြစ်လာပြီး ကုမ္ပဏီရဲ့ တိုးတက်နိုင်တဲ့အခွင့်အရေးတွေလည်း နှောင့်နှေးသွားမှာဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com


## ဘွဲ့ထူးဂုဏ်ထူးတွေအစား
## အထုံပါရမီအပေါ် အာရုံစိုက်ပေးပါ

ကျွန်တော့်အတွက် အလုပ်လုပ်ပေးနေတဲ့ လူတွေကို လေ့လာတဲ့အခါ အချို့က ဘွဲ့ထူးဂုဏ်ထူးတွေ ဘယ်လောက်ပဲရှိနေသော်လည်း စွမ်းဆောင်ရည်ပိုင်းမှာ အားနည်းနေတတ်ပါတယ်။ အချို့သော ဝန်ထမ်းတွေကတော့ ဘွဲ့ထူးဂုဏ်ထူးတွေကြီးမြင့်စွာ ရှိမနေသော်လည်း လုပ်ငန်းဆောင်တာတွေကို ကောင်းစွာလုပ်နိုင်စွမ်းရှိတတ်ကြပါတယ်။ အချို့သောဝန်ထမ်းတွေဟာ ဘွဲ့ထူးဂုဏ်ထူးတွေ မရှိကြသော်လည်း လုပ်ငန်းနဲ့ပတ်သက်ပြီး အထုံပါရမီကောင်းတွေကို ပိုင်ဆိုင်ထားတတ်ကြပါတယ်။ သင့်ဆီမှာ ဖုံးကွယ်နေတဲ့ အရည်အချင်း အရည်အသွေးတွေရှိနေတတ်သလို အခြားလူတွေဆီမှာလည်း အလားတူပုန်းကွယ်နေတဲ့ အရည်အချင်းတွေ ရှိနေတတ်ပါတယ်။

ဖုန်းကွယ်နေတဲ့ အရည်အချင်းကို အခြေအနေအချိန်အခါအရ ထိုက်သင့်လိုက်ဖက်စွာ ထုတ်သုံးတတ်ဖို့ လိုပါတယ်။

လူတစ်ဦးချင်းစီမှာ ပုန်းကွယ်နေတဲ့ အရည်အချင်းတွေဟာ အဲဒီလူတစ်ဦးစီအတွက် ကောင်းကျိုးပြုနိုင်မယ့် အထုံပါရမီတွေ ဖြစ်နေတတ်ပါတယ်။

❒

mgyoe.com

mgyoe.com

## လူပုဂ္ဂိုလ်အား စီမံခန့်ခွဲပေးပါ၊ အလုပ်ကို စီမံခန့်ခွဲခြင်း မပြုရ

ကြော်ငြာအေဂျင်စီတစ်ခုကို ပိုင်ဆိုင်တဲ့ လူတစ်ယောက်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ကြားခဲ့ဖူးပါတယ်။

အဲဒါကတော့ ကြော်ငြာဇာတ်ညွှန်းရေးသားသူ စာရေးဆရာတစ်ယောက်က ရုံးခန်းထဲမှာရှိနေတဲ့ အခြားသောဇာတ်ညွှန်းရေးဆရာတွေလို မဟုတ်ဘဲ ဘာဆိုဘာမှမလုပ်ဘဲနေခဲ့တယ်လို့ဆိုပါတယ်။

ဒီအခါ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ အခြားသောစာရေးဆရာတွေက ကြော်ငြာလုပ်ငန်းပိုင်ရှင် သူတို့ရဲ့သူဌေးကို အဲဒီပျင်းရိနေတဲ့ စာရေးဆရာနဲ့ပတ်သက်ပြီး မကျေမနပ်တိုင်တန်းမှုတွေ လုပ်ကြပါတယ်။

ဒီအခါ သူဌေးက "အဲဒီစာရေးဆရာ အခုလိုပျင်းရိနေတာ ဘယ်လောက်တောင်ကြာသွားပြီလဲ" လို့ ကျန်တဲ့စာရေးဆရာတွေကို မေးလိုက်တယ်။

ဒီအခါ စာရေးဆရာတစ်ယောက်က ပြန်ဖြေတယ် "သူက တစ်ပတ်လာလည်း ဟိုကခုံပေါ်မှာထိုင်ပြီး အိပ်ငိုက်နေတယ်။ နောက်တစ်ပတ်တွေမှာလည်း အဲဒီခုံမှာပဲထိုင်ပြီး ငိုက်မျဉ်းနေတတ်တယ်။ ကြည့်ရတာ အဲဒီစာရေးဆရာက ကိုမာများဖြစ်နေမလားမသိဘူး"

ဒီအခါ သူဌေးဖြစ်သူက ပြန်ပြောတယ်။ "ကျုပ်ကတော့ အဲဒီလူ အိပ်ပျော်နေရာက နိုးမလာအောင်၊ သူ့ကို အနှောင့်အယှက်မဖြစ်ရအောင် ခင်ဗျားတို့အားလုံး တိတ်တိတ်ဆိတ်ဆိတ်နေပေးပါလို့ ပြောချင်တယ်။ သူ

ငိုက်မျဉ်း အိပ်ပျော်နေရာကနေ နိုးလာခဲ့ရင် သူကော်ဖီသောက်မလား၊ နေ့လယ်စာ စားမလား လို့မေးလိုက်၊ သူစားသောက်ချင်တဲ့ဟာကို ခင်ဗျားတို့က ပြေးဝယ်ပေးလိုက်"

ဒီအခါ သူဌေးဖြစ်သူရဲ့စကားကြောင့် ရုံးခန်းထဲက ဇာတ်ညွှန်းရေးဆရာတွေ တော်တော်လေးစိတ်ဓာတ်ကျသွားခဲ့ကြသတဲ့။

ဒီအခြေအနေကို ရိပ်မိတဲ့ သူဌေးက အခုလိုပြောပြလိုက်တယ်။

"ကဲ အားလုံးနားထောင်ပေးကြပါ။ အခု ထိုင်ခုံမှာ အိပ်ငိုက်နေတဲ့ စာရေးဆရာက ဒေါ်လာသန်းပေါင်းများစွာထိုက်တန်တဲ့ စိတ်ကူးအကြံအစည်၊ ဇာတ်လမ်းကောင်းတွေကို စဉ်းစားနေတာဖြစ်တယ်။ သူအလကားအိပ်ငိုက်နေတာတော့ မဖြစ်နိုင်ဘူး။ ကျုပ်မှာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အကြောင်းပြချက်အခိုင်အလုံရှိနေတာဆိုတော့ ခင်ဗျားတို့ သူ့ကို လုံးဝအနှောင့်အယှက်မပေးကြပါနဲ့"

ဒီဇာတ်လမ်းကိုလေ့လာသုံးသပ်တဲ့အခါ လူတစ်ဦးချင်းစီမှာ တိုးတက်အောင်မြင်နိုင်ချေတွေက သူ့အနေအထားနဲ့သူရှိနေတတ်သလို ထင်မြင်ယူဆချက်နဲ့ တွေးခေါ်စဉ်းစားမှုတွေမှာလည်း သူ့နည်းလမ်းနဲ့သူ ရှိနေတတ်တဲ့ သဘောကို ထင်ရှားစေပါတယ်။

နောက်ပြီး အချို့သော ကိစ္စတွေမှာ လူပုဂ္ဂိုလ်အား စီမံခန့်ခွဲခြင်းသာ လုပ်နိုင်ပြီး အဲဒီလူနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ အလုပ်တွေကိုတော့ စီမံခန့်ခွဲခြင်း မလုပ်ပေးနိုင်ပါဘူး။

သင့်လုပ်ငန်းကို အဓိကဦးဆောင်နေတဲ့ သူတွေကို သင်က တစ်ဦးတစ်ယောက်ချင်းအလိုက် နောက်ကြောင်းရာဇဝင်၊ စိတ်နေစိတ်ထား၊ စွမ်းဆောင်ရည်၊ လုပ်ငန်းနဲ့ပတ်သက်ပြီး ခံယူထားတဲ့အမြင်တွေက အစ စုံစေ့အောင်လေ့လာသုံးသပ်ပြီး သူတို့ရဲ့လိုအပ်ချက်တွေကို အခြေအနေ အချိန်အခါအလိုက် ဖြည့်ဆည်းပေးပါ။ ဒါဆိုရင် သင့်လုပ်ငန်းအတွင်း အဓိကအရေးပါနေသူတွေက သင့်တိုးတက်အောင်မြင်မှုအတွက် အရင်းအမြစ်ကောင်းတွေဖြစ်လာပြီး သင်ကြိုးစားကြံစည်အားထုတ်သမျှတွေမှာ အောင်မြင်မှု ရလာပါလိမ့်မယ်။

အချို့သော ကျွမ်းကျင်ဝန်ထမ်းတွေက ဘယ်အရာကိုမှ အကြောက်

mgyoe.com

mgyoe.com


အရွံ့မရှိဘဲ ရင်ဆိုင်ရဲတတ်သူတွေဖြစ်ပါတယ်။ အကြောက်အရွံ့ကင်းတဲ့ သူတစ်ယောက်ကို အခုလိုမေးတဲ့အခါ အကြောက်အရွံ့ကင်းတဲ့ ဖြေဆိုပုံကိုပါ တစ်ခါတည်း သိရှိရမှာဖြစ်ပါတယ်။

**မေးခွန်း** – ခင်ဗျား ဒီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ။

**အဖြေ** – သူတို့ ကျုပ်ကိုအလုပ်ကနေ ထုတ်ပစ်မယ်လို့ ခြိမ်းခြောက်တဲ့အချိန်ကတည်းက ဒီမှာလုပ်လာခဲ့တာ ကြာခဲ့ပါပြီ။

အချို့က အလုပ်လုပ်ရတာကို ပျော်ရွှင်နှစ်သက်တဲ့ စိတ်ဓာတ်ကောင်းတွေရှိနေတာကြောင့် အထူးစည်းစရာမလိုအပ်ဘဲ မိမိဘက်က လုပ်ငန်းတာဝန်လွှဲအပ်ပေးနိုင်ဖို့သာ လိုအပ်ပါတယ်။

အချို့ကတော့ စွမ်းဆောင်ရည်အားကောင်းတတ်သော်လည်း ပျင်းရိတတ်တဲ့အကျင့်စရိုက် ရှိနေတာကြောင့် စည်းရုံးဆွဲခေါ်နိုင်ဖို့ လိုပါတယ်။

ခေါင်းဆောင်အနေနဲ့ ရပ်တည်ရတဲ့သင်ဟာ တစ်ခါတစ်ရံ သူဌေးတစ်ယောက်အဖြစ် ပြုမူဆက်ဆံရတာတွေရှိသလို တစ်ခါတစ်ရံမှာလည်း ဝန်ထမ်း၊ အလုပ်သမားတွေဘက်က ရပ်တည်ပေးရသူတစ်ယောက်လိုမျိုး၊ တာဝန်ခံအလုပ်သမားခေါင်းဆောင်တစ်ယောက်လိုမျိုး ပြုမူဆက်ဆံပေးရတတ်ပါတယ်။ ဒါမှသာ လုပ်ငန်းခွင်အတွင်းဖြစ်ပျက်ကြုံတွေ့နေရသော အခြေအနေတွေကို တိုက်ရိုက်သိခွင့်ရပြီး အားနည်းချက်၊ အားသာချက် အမှန်တွေကိုလည်း အတိအကျ သိရှိခွင့်ရရှိပါလိမ့်မယ်။

❐

mgyoe.com

mgyoe.com

## သင့်အခန်းတံခါးကို အမြဲဖွင့်ထားပေးပါ

ကျွန်တော့်အနေနဲ့ 'ရောက်ရှိခြင်းသဘော'ကို 'တစ်စုံတစ်ရာ အစပြုတော့မယ့်သဘော' အဖြစ်မှတ်ယူထားခဲ့ပါတယ်။

ကောလိပ်ကျောင်းပြီးဆုံးအောင် တက်သွားခြင်းသဘောဟာ အစပြုခြင်းသဘောဆောင်ပြီး ပြီးဆုံးခြင်းအဓိပ္ပာယ်မသက်ရောက်ပါဘူး။ တစ်နည်းအားဖြင့် အောင်မြင်မှုတစ်ခုဟာ နောက်ထပ်အစပြုခြင်းတစ်ခုကို ရည်ညွှန်းနေတယ်လို့ မှတ်ယူနိုင်ပါတယ်။

ကျွန်ုပ်တို့ နေ့စဉ်ဘဝမှာ လေ့လာသင်ယူမှုတွေလုပ်နေရခြင်းဟာ တစ်နေ့တစ်ရက်ချင်းစီအတွက် အသစ်စတင်ခြင်းတွေလုပ်နိုင်ဖို့ အဓိက ရည်ရွယ်နေခြင်းသာဖြစ်ပါတယ်။

သင်က အသစ်စတင်ခြင်းတွေကို လက်ခံကြိုဆိုတဲ့သူတစ်ယောက်ဖြစ်ရင် အရာရာ သင်ယူတတ်မြောက်ချင်တဲ့စိတ် ရှိနေတာကို ဖော်ပြနေတာကြောင့် သင့်ဆီ ဘယ်သူမဆို လာရောက်ဝင်ထွက်နိုင်ဖို့ အစဉ်အမြဲတံခါးဖွင့်ထားဖို့လိုပါတယ်။ သင့်ဘက်က ဘယ်သူမဆို လက်ခံကြိုဆိုပြီး သင်မသိတာတွေ မှန်သမျှ သင်ပေးနိုင်တဲ့သူတွေကို တံခါးဖွင့်ပေးထားခြင်းဖြင့် သင်မသိတာတွေ သင်ယူနိုင်ပြီး သိပြီးသားတွေကိုလည်း ပိုမိုပြီးပြည့်စုံလာစေပါလိမ့်မယ်။ ကျွန်တော်က လူတိုင်းကိုကြိုဆိုဖို့ အစဉ်အမြဲအခန်း တံခါးဖွင့်ထားခဲ့တယ်။ ကျွန်တော့်ဆီက သိချင်တာတွေရှိတဲ့လူတွေ ဝင်ရောက်

mgyoe.com

mgyoe.com

မေးမြန်းနိုင်ဖို့သာမက ကျွန်တော်လိုအပ်တာတွေကို ထောက်ပြ၊ ညွှန်ကြား ပေးနိုင်တဲ့သူတွေလည်း တစ်ခါတည်းကြုံဆိုပြီးသား ဖြစ်သွားတာပေါ့။

ကျွန်တော့်ဘက်က အခန်းတံခါးဖွင့်ထားခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ဖြစ်ပျက်ကြုံတွေ့ရတဲ့ အခြေအနေအရပ်ရပ်ကို သိရှိခွင့်ရသလို ပြဿနာ အသေးအကြီးမှန်သမျှကိုလည်း ချက်ချင်းဖြေရှင်းပေးနိုင်ပါတယ်။

ဒီအခါ တစ်နေ့တစ်ရက်ချင်းစီက ကျွန်တော်မသိတဲ့ကိစ္စတွေ ဘယ် လောက်များများရှိနေတယ်၊ ကျွန်တော့်လေ့လာသင်ကြားမှုတွေကြောင့် အရင်ကမသိတာတွေ ဘယ်လောက်များများကို သိလာရတယ်ဆိုတာကို ပါနားလည်နိုင်ခဲ့ပါတယ်။ နေ့စဉ်တိုင်းဟာ ကျွန်တော့်အတွက် စိန်ခေါ်မှုတွေ အသစ်ဖြစ်လာစေပြီး လေ့လာသင်ယူနိုင်စွမ်းတွေနဲ့ပဲ ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့ပါ တယ်။

အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်လာဖို့ နေ့စဉ် အိပ်ရာ ကနိုးထလာတိုင်း တစ်နေ့တာအတွက် အစီအစဉ်တစ်ခုချင်းစီကို ဘယ်လို အကောင်းဆုံးလုပ်ကိုင်ဖို့ဆိုတဲ့ မဟာဗျူဟာတွေ စဉ်းစားရပါတယ်။ တစ်ခါ တစ်ရံ ဘယ်လောက်ပဲအကောင်းဆုံးကြိုးစားစီစဉ်ထားပေမဲ့ လက်တွေ့မှာ ထင်သလောက်အဆင်မပြေမှုတွေ ရှိနေတာတွေ့ရပါတယ်။

တစ်ခါတစ်ရံမှာ ဘယ်သူမဆို မိမိတို့ ဝါသနာပါ၊ စိတ်ပါဝင်စားခြင်း မရှိတဲ့အရာတွေကို လေ့လာသင်ယူရတဲ့အခါ စိတ်ရှုပ်ထွေးတတ်ကြပါတယ်။

သို့သော်လည်း လိုအပ်သလို သင်ယူလေ့လာမှုတွေလုပ်ဖို့ စိတ်ပိုင်း ဖြတ်ပြီးဖြစ်တာကြောင့် လုပ်ငန်းအတွက် အကျိုးရှိလောက်သော ပညာရပ် တွေကို သင်ယူရတာတွေရှိနေတတ်ပါတယ်။

လေ့လာသင်ယူခြင်းတွေကနေ လေ့လာသင်ယူခြင်းတွေကို ထပ်ဆင့် မွေးဖွားတဲ့သဘာဝအတိုင်း ဘဝတစ်သက်တာလေ့လာသင်ယူမှုတွေကို မပြတ်တမ်းလုပ်ရင်း အောင်မြင်မှုဆီဆက်လက်ချီတက်ရမှာဖြစ်ပါတယ်။

သင်က အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်လိုတဲ့ အခါ စီးပွားရေးရှုထောင့်တစ်ခုတည်းသာမက နိုင်ငံရေး၊ လူမှုရေးနဲ့ အခြား သော ကိစ္စတွေကိုပါ အမှန်အတိုင်း ရှုမြင်သုံးသပ်နိုင်ဖို့လိုပါတယ်။

❒

mgyoe.com